## ဘန်ကောက်အလုပ်ရုံဆွေးနွေးပွဲ

## အပိုင်း ၄ – တနင်္ဂနွေနေ့ မေလ ၈ရက် ၂၀၂၂

## စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လေ့လာသင်ယူခြင်း (MEL) မူဘောင်

### MEL Framework ဆိုတာဘာလဲ။

စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့နှင့် စပ်လျဉ်းပြီး အသေးစားငါးဖမ်းလုပ်ငန်းတို့အား စဉ်ဆက်မပြတ် လုံခြုံနိုင်ရေးအတွက် ပြုလွယ်ပြင်လွယ်သော လမ်းညွှန်ချက်များ (SSFလမ်းညွှန်ချက်များ) ကို FAO ငါးလုပ်ငန်းကော်မတီ (COFI)မှ ၂၀၁၄ခုနှစ်တွင် ထောက်ခံခဲ့သည်။ လူ့အခွင့်အရေးများအခြေပြု ချဉ်းကပ်မှုနည်းလမ်းအား မြှင့်တင်ခြင်းဖြင့် ၎င်းတို့ကို ဖန်တီးခဲ့သည်။ ICSF အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

SSF လမ်းညွှန်ချက်များကို ဖန်တီးရန် လုပ်ဆောင်နေသူများသည်၎င်းတို့၏ အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးသည့် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းမူဘောင်တစ်ရပ်ကို မြှင့်တင်ရန် ကာလရှည်ကြာစွာ ကျယ်ကျယ်ပြန့်ပြန့် စိတ်နှစ်လာခဲ့ကြသည်။ SSF လမ်းညွှန်ချက်များသည် ၎င်းတို့ကိုယ်တိုင် ၎င်းတို့၏ မျှော်မှန်းချက်နှင့် အကြံပြုချက်များကို အကောင်အထည်ဖော်ရန် တိုးတက်မှုကို အကဲဖြတ်စစ်ဆေးသည့် စောင့်ကြည့်ရေးစနစ် (အပိုဒ် ၁၃.၄)နှင့် ဤစောင့်ကြည့်ရေး ကြိုးပမ်းမှုများတွင် အသေးစားငါးဖမ်းလုပ်ငန်းရပ်ဝန်းများ၏ ပါဝင်နိုင်ရေးကိုတောင်းဆိုထားသည် (၁၃.၅)။ အကောင်အထည်ဖော်မှုကို သုံးသပ်ခြင်းအပြင် SSF လမ်းညွှန်ချက်ပါ အခြေခံမူများနှင့် လက်တွေ့လုပ်ဆောင်ချက်များ၏ ကွာဟချက်များနှင့် စိန်ခေါ်ချက်များကို ဖော်ထုတ်ရန်နှင့် ၎င်းတို့၏ အောင်မြင်ပြီးကျယ်ပြန့်သော အကောင်အထည်ဖော်မှု၏ အကျိုးသက်ရောက်မှုများကို နားလည်ရန် MEL Framework ကိုအသုံးပြုနိုင်သည်။

၂၀၂၀နှင့် ၂၀၂၁ခုနှစ်ကြားတွင် FAOနှင့် WorldFishတို့မှ SSFလမ်းညွှန်ချက်များနှင့် အဓိကအကြောင်းအရာကဏ္ဍများကို အနီးကပ်စစ်ဆေးလေ့လာမှုအပေါ်အခြေခံ၍ MEL Framework မူကြမ်းတစ်ခုကို ရေးဆွဲခဲ့သည်။ ဤမူကြမ်းသည် Sustainable Development Goals (SDGs) နှင့် UN Declaration on the Rights of Indigenous Peoples (UNDRIP) ကဲ့သို့သော အခြားသက်ဆိုင်ရာ စောင့်ကြည့်ရေးမူဘောင်များမှလည်း ရေးဆွဲထားသည်။ ဤမူကြမ်းတွင် SSF လမ်းညွှန်ချက်များ၏ အကြောင်းအရာအလိုက်ကဏ္ဍများအတွက် အဆိုပြုထားသော သက်ရောက်မှုများနှင့်

စောင့်ကြည့်ရန်ဆက်စပ်ညွှန်းကိန်းများ ပါဝင်သည်။ ၂၀၂၁ခုနှစ်တွင် မူကြမ်းကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်အောင် ပြုပြင်ရန် ပညာရှင်များက ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

၂၀၂၂ခုနှစ် မတ်လမှ စတင်၍ ICSF သည် MEL Framework ကို ထပ်မံ သုံးသပ်ခြင်းနှင့် အပြီးသတ်ခြင်းလုပ်ငန်းကို ပြုလုပ်ခဲ့ပြီး မူဘောင်ကို အသုံးပြုမှုနည်းလမ်းကို လမ်းညွှန်ပေးမည့် လက်စွဲစာအုပ်ကို ရေးဆွဲခဲ့ပါသည်။ SSF၏ လမ်းညွှန်ချက်များနှင့်အညီ ဤလုပ်ငန်းအကောင်အထည်ဖော်မှုကို အသေးစားငါးဖမ်းလုပ်ငန်းလုပ်ကိုင် သူများက ပူးပေါင်းပါဝင်မှုနည်းလမ်းဖြစ်စဲ့ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ အပြီးသတ်သည်နှင့် နိုင်ငံတော်အဆင့် SSF ၏လမ်းညွှန်မှုများ အကောင်အထည်ဖော်မှု တိုးတက်မှုအဆင့်ကို ပူးပေါင်းပါဝင်ခြင်းဖြင့် သုံးသပ်မှုပြုလုပ်ချင်သော အဖွဲ့အစည်းများ အစိုးရများသည် MEL Framework ကို ရည်ရွယ်အသုံးပြုသူများဖြစ်သည်။ MEL Framework ၏ အဓိကရည်ရွယ်ချက်မှာ SSF လမ်းညွှန်ချက်များကို ဆက်လက်အကောင်အထည်ဖော်တွင် ပံ့ပိုးကူညီရန်နှင့် မြှင့်တင်ပေးရန်ဖြစ်ပြီး တိုးတက်သည့်နေရာများနှင့် အားနည်းချက်ရှိနေသေးသည့် နေရာများကို ဖော်ထုတ်ပြသရန်ဖြစ်သည်။

## ဆွေးနွေးမှုအတွက် လမ်းညွှန်မေးခွန်းများ

၁။ သင့်အစိုးရသည် SSF လမ်းညွှန်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်နေပါသလား။ သင့်အစိုးရအား MEL Framework ကို မည်သို့အသုံးပြုစေလိုသနည်း။

၂။ သင့်နိုင်ငံတွင် SSF လမ်းညွှန်မှုများကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်ပြီး မေးခွန်းရှိပါသလား။

၃။ MEL Framework ကို အသုံးပြုရာတွင် လမ်းညွှန်စာအုပ်ထဲတွင် မည်သည့်မေးခွန်းများထည့်သွင်းသင့်သနည်း။

၄။အောက်ခြေမှ SSF လမ်းညွှန်ချက်များ စောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးသည့် MEL Framework ကို သင်ဘယ်လိုထင်မြင်သနည်း။